# ပြည်ထဲရေး

သတင်းလွှာ

အတွဲ (၁၉)၊ အမှတ် (၈)

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁) ရက်


## ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပပြုလုပ်






နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သစ်ပင်၊ သစ်တောများမပြုန်းတီးစေရန်၊ ရာသီဥတုကို မျှတကောင်းမွန်စေပြီး ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားစေရန်နှင့် ရေမြေတောတောင်သဘာဝကို ထိန်းသိမ်းကာကွယ်စေရန်ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ၈-၇-၂၀၂၄ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် မြို့ပတ်လမ်းဘေးရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း မြေနေရာ၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အစီအစဉ်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့်ဇနီးတို့က မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်အထိမ်းအမှတ် သစ်ပင်များကို ဦးဆောင်စိုက်ပျိုးပေးခဲ့ကြသည်။ ဆက်လက်ပြီး ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများနှင့်ဇနီးများ၊ တပ်ဖွဲ့ဝင်/ဝန်ထမ်းများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့်ဇနီးတို့သည် တာဝန်ရှိသူများနှင့်အတူ တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြပါသည်။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ်၊ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ပိတောက်၊ စိန်ပန်း၊ ငု၊ သပြေ စသည့် သစ်ပင်စုစုပေါင်း (၁၀၀၀)ပင်ကို စနစ်တကျ ရွေးချယ်စိုက်ပျိုးခဲ့ပြီး တစ်နိုင်ငံလုံးအနေဖြင့် (၃၂၆၃၉) ပင် စိုက်ပျိုးခဲ့ပြီး ဖြစ်ပါသည်။

ယခု ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ပိတောက်၊ စိန်ပန်း၊ ပန်းမယ်ဇလီ သစ်ပင်စုစုပေါင်း (၁၀၀၀)ပင်တို့အား ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများက တပ်ဖွဲ့ဝင်/ ဝန်ထမ်းများဖြင့် စနစ်တကျရွေးချယ်စိုက်ပျိုးခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ရုံး၊ ဌာနများအသီးသီးတွင်လည်း ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင်များ စုစုပေါင်း(၃၁၃၀၅)ပင်အား တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွင်း စုစုပေါင်းသစ်ပင် (၆၃၉၄၄)ပင်တို့ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိပါသည်။


**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**
**ဝန်ထမ်းများ၏ သား/သမီးများအား**
**ပညာသင်စရိတ်နှင့် ကျောင်းသုံးပစ္စည်းများ**
**ထောက်ပံ့ပေးအပ်**
စာ(၂)သို့

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၄)/လက်ထောက်ညွှန်ကြားရေးမှူး**
**လုပ်ငန်းအကြိုသင်တန်းအမှတ်စဉ်(၁/၂၀၂၄)**
**သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ**
စာ(၁၂)သို့

**အကျဉ်းဦးစီးဌာန**
**တပ်သားသစ်အခြေခံသင်တန်း(အမျိုးသား)**
**အမှတ်စဉ်(၄၈) သင်တန်းဖွင့်ပွဲအခမ်းအနားပြုလုပ်**
စာ(၁၅)သို့

## ဝန်ထမ်းများအား ဆန်၊ ဆီထောက်ပံ့ပေးအပ်

၁၈-၆-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးယဉ်ကျော့မိုး၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းတစ်ဦးလျှင် ဒေသဆန်(၄)ပြည်နှင့် ပဲပိစပ်ဆီ ၅၀ ကျပ်သား (၁)ဘူး ထောက်ပံ့ပေးအပ်ခဲ့ရာ ဝန်ထမ်းတစ်ဦးလျှင် ကျသင့်ငွေ ၂၃၄၁၆/-နှုန်းဖြင့် ဝန်ထမ်း(၄၈)ဦးအတွက် စုစုပေါင်းတန်ဖိုးငွေ ၁,၁၂၄,၀၀၀/- (ကျပ်တစ်ဆယ့်တစ်သိန်းနှစ်သောင်းလေးထောင်တိတိ)ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။




## ဆင်ဖြူရှင်စာသင်တိုက်သို့ (၁၉၄) ကြိမ်မြောက် လှူဒါန်း



၂၅-၆-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး၏ လမ်းညွှန်မှုဖြင့် ဦးရဲထွဋ်ကြိုင် ဦးဆောင်သည့်ကော်မတီဝင်များသည် မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်ရှိ ဆင်ဖြူရှင်စာသင်တိုက်သို့ ဆန်(၂၄)ပြည်(၁)အိတ်၊ ဆီ(၅)လီတာ(၁)ဘူးနှင့် ဟင်းသီးဟင်းရွက်တို့ အပါအဝင် စုစုပေါင်းငွေကျပ် ၃၈၇,၀၀၀/- (ကျပ်သုံးသိန်းရှစ်သောင်းခုနစ်ထောင်တိတိ)တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့ကြောင်းသတင်းရရှိပါသည်။

## ဝန်ထမ်းများ၏ သား/သမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

### တနင်္သာရီတိုင်းဒေသကြီး



၁၄-၆-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများ၏ သား/သမီးများအား ၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်စရိတ်နှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူး ဦးမိုးသန့်ဇင်မှ တက္ကသိုလ်အဆင့် ကျောင်းသား/သူ(၃)ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀,၀၀၀/-၊ ကျောပိုးအိတ်(၁)လုံးနှင့် ကျောင်းသုံးဗလာစာအုပ် (၆)အုပ်တို့ကိုလည်းကောင်း၊ အထက်တန်းအဆင့် ကျောင်းသား/သူ(၂)ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀,၀၀၀/-၊ ကျောပိုးအိတ်(၁)လုံးနှင့် ကျောင်းသုံးဗလာစာအုပ်(၆)အုပ် တို့ကိုလည်းကောင်း၊ အလယ်တန်းအဆင့် ကျောင်းသား/သူ (၄)ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀,၀၀၀/-၊ ကျောပိုးအိတ်(၁)လုံးနှင့် ကျောင်းသုံးဗလာစာအုပ်(၆)အုပ် တို့ကိုလည်းကောင်း၊ မူလတန်းအဆင့် ကျောင်းသား/သူ (၁၂)ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀,၀၀၀/-၊ ကျောပိုးအိတ်(၁)လုံးနှင့် ကျောင်းသုံးဗလာစာအုပ် (၆)အုပ် တို့ကိုလည်းကောင်း၊ စုစုပေါင်း ကျောင်းသား/သူ(၂၁)ဦးတို့အား ငွေကျပ် ၉၅၇,၂၀၀/- (ကျပ်ကိုးသိန်းငါးသောင်းခုနစ်ထောင့်နှစ်ရာတိတိ)တန်ဖိုးရှိ ငွေသားနှင့် ကျောင်းသုံးပစ္စည်း များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

### မွန်ပြည်နယ်




၂၂-၆-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူး ဦးအောင်သန်းတိုးနှင့်ဇနီးတို့သည် ဝန်ထမ်းမိသားစုဝင်များ၏ သား/သမီးများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေအဖြစ် တက္ကသိုလ်အဆင့် ကျောင်းသား/သူ(၁၀)ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၅,၀၀၀/-တန်ဖိုးရှိ ဗလာစာအုပ်(၄)ဒါဇင်နှင့် ခဲတံ(၁)ဒါဇင်အား လည်းကောင်း၊ အထက်တန်းအဆင့်ကျောင်းသား/သူ(၆)ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၅,၀၀၀/-တန်ဖိုးရှိ ဗလာစာအုပ်(၄)ဒါဇင်နှင့် ခဲတံ(၁)ဒါဇင်အားလည်းကောင်း၊ အလယ်တန်းအဆင့်ကျောင်းသား/သူ(၇)ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀,၀၀၀/- တန်ဖိုးရှိ ဗလာစာအုပ်(၃)ဒါဇင်နှင့် ခဲတံ(၁)ဒါဇင်အားလည်းကောင်း၊ မူလတန်းအဆင့် ကျောင်းသား/သူ(၁၆)ဦးအား ငွေကျပ် ၁၅,၀၀၀/-တန်ဖိုးရှိ ဗလာစာအုပ်(၂)ဒါဇင်နှင့် ခဲတံ(၁)ဒါဇင်အားလည်းကောင်း၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၇၈၀,၀၀၀/-တန်ဖိုးရှိ ဗလာစာအုပ် (၁၁၇)ဒါဇင်နှင့် ခဲတံ(၃၉)ဒါဇင်တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသူတစ်ဦးအား ငွေကျပ် ၅၀,၀၀၀/- ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။

### မကွေးတိုင်းဒေသကြီး




၂၁-၆-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်း ဒေသကြီးရုံး၊ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးဝင်းဦး၏ စီစဉ်ကြီးကြပ်မှုဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရိုးရိုးအောင်မြင်ခဲ့သည့် ဦးစီးအရာရှိ (စုံစမ်းရေး)ဦးတိုးတိုး၏သား မောင်ရန်လင်းဦးအား ဂုဏ်ပြုဆုချီးမြှင့်ငွေ ၅၀,၀၀၀/-(ကျပ်ငါးသောင်းတိတိ)နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြား နေသော ဝန်ထမ်းများ၏ သား/သမီးများ ဖြစ်ကြသည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသား/သူ(၅၀)ဦးတို့အတွက် တစ်ဦးလျှင် ကျောင်းသုံး ဗလာစာအုပ် (၁)ဒါဇင်နှင့် ဘောလ်ပင်(၅)ချောင်း ကျသင့်ငွေ ၁၅,၀၀၀/-နှုန်းဖြင့် စုစုပေါင်းတန်ဖိုးငွေ ၈၀၀,၀၀၀/-(ကျပ်ရှစ်သိန်းတိတိ)ကို ပညာသင်စရိတ်အဖြစ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မီးဖွားစရိတ်ထောက်ပံ့ပေးအပ်



၁၄-၆-၂၀၂၄ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံးမှ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ဈေးကြီးလမ်းရှိ ရင်စိန်ပုဂ္ဂလိကဆေးရုံ၌ ကလေးမွေးဖွားခဲ့သည့် ဒုတိယစုံစမ်းရေးမှူး ဦးမင်းသန်း၏ ဇနီးဒေါ်ကေသီဦးအား မီးဖွားစရိတ်ငွေ ၅၀,၀၀၀/-(ကျပ်ငွေငါးသောင်းတိတိ)ထောက်ပံ့ပေးအပ်ခဲ့ပြီး မိခင်နှင့်ကလေး ကျန်းမာရေး အခြေအနေများမေးမြန်းကာ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

## ဝန်ထမ်းများနှင့် မိသားစုဝင်များအား အခြေခံစားကုန်ထောက်ပံ့ပေးအပ်

### ရန်ကုန်တိုင်းဒေသကြီး




၃၁-၅-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့်မိသားစုဝင်များအား သက်သာချောင်ချိစေရန်ရည်ရွယ်၍ ၂၀၂၄ ခုနှစ်၊ မေလအတွက် ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် ၂၅,၀၀၀/-(ကျပ်နှစ်သောင်းငါးထောင်တိတိ) နှုန်းဖြင့် ဝန်ထမ်း(၁၁၁)ဦးအတွက် စုစုပေါင်းငွေကျပ် ၂,၇၇၅,၀၀၀/-(ကျပ်နှစ်ဆယ့်ခုနှစ်သိန်းခုနှစ်သောင်းငါးထောင်တိတိ) တန်ဖိုးရှိ ဆန်(၃)ပြည်နှင့် ဆီ(၅၀)ကျပ်သားစီအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

### ပဲခူးတိုင်းဒေသကြီး



၁၂-၆-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ စည်းရုံးရေးကော်မတီနှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဝန်ထမ်းနှင့်မိသားစုဝင်များ သက်သာချောင်ချိစေရန် ရည်ရွယ်၍ ဝန်ထမ်းတစ်ဦးလျှင် ကျသင့်ငွေ ၂၈,၇၀၀/-တန်ဖိုးရှိ မြောင်းမြပေါ်ဆန်းမွှေးဆန် (၄)ပြည်၊ ကြက်သွန်နီ(၅၀)ကျပ်သားနှင့် ဆီ(၅၀)ကျပ်သားတို့ကို ထောက်ပံ့ပေးအပ်ခဲ့ရာ ဝန်ထမ်း (၈၈)ဦးအတွက် စုစုပေါင်းတန်ဖိုးငွေ ၂,၅၂၅,၆၀၀/-(ကျပ်နှစ်ဆယ့်ငါးသိန်းနှစ်သောင်းငါးထောင့်ခြောက်ရာတိတိ)အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။




### ကရင်ပြည်နယ်

၁၇-၆-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသက်စိုး၏ ဦးဆောင်မှုဖြင့် ကရင်ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ အိမ်ထောင်သည်ဝန်ထမ်း တစ်ဦးလျှင် ပေါ်ဆန်းမွှေး(၆)ပြည်နှင့် ဆီ(၅၀)ကျပ်သား၊ ကျသင့်ငွေ ၃၉,၅၀၀/- နှုန်းဖြင့် (၂၅)ဦးကိုလည်းကောင်း၊ လူပျို/အပျိုတစ်ဦးလျှင် ပေါ်ဆန်းမွှေးဆန် (၃)ပြည်နှင့် ဆီ(၂၅)ကျပ်သား၊ ကျသင့်ငွေ ၁၉,၇၅၀/- နှုန်းဖြင့် (၂၈)ဦးကိုလည်းကောင်း စုစုပေါင်း ဝန်ထမ်း (၅၃)ဦးတို့အတွက် တန်ဖိုးငွေ ၁,၅၄၀,၅၀၀/- (ကျပ်တစ်ဆယ့်ငါးသိန်း လေးသောင်းငါးရာတိတိ)ရှိ အခြေခံစားကုန်ဆန်နှင့် ဆီများကို ဝန်ထမ်းနှင့် မိသားစုဝင် များအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကျန်းမာရေးစရိတ် ထောက်ပံ့ပေးအပ်

### ရှမ်းပြည်နယ်



၂၀-၆-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးယဉ်ကျော့မိုး၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလွင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်စိုး တို့သည် တောင်ကြီးမြို့၊ စဝ်စံထွန်းဆေးရုံကြီး၌ အသည်းရောဂါဖြင့် ဆေးကုသမှု ခံယူနေသည့် ရှမ်းပြည်နယ်ရုံးမှ စုံစမ်းရေးမှူး ဦးဇော်လွင်ဦးအား ကျန်းမာရေးစရိတ် ၅၀,၀၀၀/- (ငွေကျပ်ငါးသောင်းတိတိ)နှင့် စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

### ကရင်ပြည်နယ်



၁၇-၆-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး၊ စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသက်စိုးက ဘားအံမြို့၊ ပြည်သူ့ဆေးရုံကြီး၌ အစာအိမ်ရောဂါဝေဒနာဖြင့် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှု ခံယူနေသည့် ဦးစီးအရာရှိ(စုံစမ်းရေး) ဦးနေဇော်ဝင်းအား ကျန်းမာရေးစရိတ်ထောက်ပံ့ငွေ ၅၀,၀၀၀/-(ကျပ်ငါးသောင်းတိတိ)ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်တွင် ငွေကျပ် ၂၀ ဒသမ ၁၆ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၄၄ သန်း သယ်ဆောင်သည့် ဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိ



၂၅-၆-၂၀၂၄ ရက်နေ့ ၀၇၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ တောင်စဉ်အေး စစ်ဆေးရေး စခန်းတွင် ပျဉ်းမနားဘက်မှ ရေနီဘက်သို့ ဇယျာကျော် မောင်းနှင်ပြီး ဟိန်းကျော်မင်း လိုက်ပါလာသည့် LIGHT TRUCK မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ကြက်စာအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလ တန်ဖိုးငွေကျပ် ၂၀ ဒသမ ၁၆ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၄၄ သန်း သိမ်းဆည်းရမိခဲ့ပါသည်။ စစ်ဆေးဖော်ထုတ်ချက်များအရ စိတ်ကြွရူးသွပ်ဆေးပြားများအား ကလောမှ ပျော်ဘွယ်သို့ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများ ဖြစ်ကြသည့် မြတ်ပိုင်သူ၊ ဖြိုးစည်သူဟိန်းနှင့် အောင်အောင်(ခ) အောင်ကြီးတို့ ၃ ဦးအား ရမည်းသင်းမြို့နယ်၊ တွင်းကျေးရွာအနီးတွင် သယ်ဆောင်ခဲ့သည့် NISSAN BOX မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သည့် နွယ်နီသင်း၊ ရဲဒွေးလှိုင်(ခ)ဗလနှင့် မြင့်အောင်တို့ ၃ ဦးအား ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်ရှိ မိုတယ်တွင် TOYOTA WISH မော်တော်ယာဉ် တစ်စီး၊ TOYOTA ESTIMA မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် စီမံဆောင်ရွက်သူ ဝေမင်းဖြိုး(ခ) အုန်းအုန်းနိုင်အား ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်တွင်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့ပါသည်။ ဆက်လက်စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ ဂိုဏ်းဖွဲ့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများ၏ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၁၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၈၆ ဒသမ ၉ ကီလို ဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၅-၇-၂၀၂၄ ရက်နေ့ ၁၅၀၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၄×၁၁၅ ကြား ၇၁(C)လမ်းတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသည့် TOYOTA PROBOX မော်တော်ယာဉ်နှင့် SUPER CUSTOM မော်တော်ယာဉ်တို့ ရောက်ရှိလာ၍ ရှာဖွေစစ်ဆေးခဲ့ရာ စိုးခိုင်၊ နန်းအေးဖောင်း၊ နန်းယိမ်းအွမ်နှင့် ထွန်းလင်းအောင် တို့ ၄ ဦးနှင့်အတူ SUPER CUSTOM ယာဉ်ပေါ်မှ ပလပ်စတစ်ဆပ်ပြာခွက် ၂၂၀၀ ခွက်ဖြင့်ထည့်လျက် ဘိန်းဖြူ ၂၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ်၊ ဆ/၂ ရပ်ကွက်၊ ၇၁ လမ်းရှိ ထွန်းလင်းအောင် ငှားရမ်းနေထိုင်သည့်နေအိမ်မှ ပလတ်စတစ်ဆပ်ပြာခွက် ၆၄၉၀ ခွက်ဖြင့်ထည့်လျက် ဘိန်းဖြူ ၆၄ ဒသမ ၉ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၁၇ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၈၆ ဒသမ ၉ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ ဘိန်းဖြူများအား ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်တွင် ရခိုင်ပြည်နယ်သို့ သယ်ဆောင်မည့် ငွေကျပ် ၁ ဒသမ ၇၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၆ သိန်း ဖမ်းဆီးရမိ

၁၆-၆-၂၀၂၄ ရက်နေ့ ၀၁၀၀ အချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ရွှေပြည်သာကျေးရွာ၏ အရှေ့ဘက် ၂ မိုင်ခန့်အကွာရှိ ထွန်းကျော်၏ တောင်ယာတဲကို သတင်းအရရှာဖွေရာ ထွန်းကျော်၊ ဒွေးဝင်း၊ ဇော်မြင့်နိုင်၊ သန်းထွန်းလေး၊ ကိုဖြိုး၊ ဇော်မင်းလှိုင်၊ မြင့်အေး၊ အောင်ကျော်ဆန်း၊ ထက်လင်းစိုးနှင့် စိုးလင်းအောင်တို့ ၁၀ ဦးအား ဒေသကာလ တန်ဖိုးငွေကျပ် ၁ ဒသမ ၇၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၆ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ပန်းတောင်းမြို့နယ်မှ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်သို့ ဆက်လက်သယ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ မြတ်သူဝင်း(ခ) နောင်နောင်နှင့် သိန်းစိုးတို့အပါအဝင် ၁၂ ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



# မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လက်ပစ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ရန် ခြိမ်းခြောက်မှု၊ Mobile Phone အရောင်းဆိုင်များအား လုယက်မှုနှင့် ခရီးသွားပြည်သူများအားဓားထောက်၍ ရွှေထည်ပစ္စည်းများ လုယက်မှုတို့မှ ကျူးလွန်သူ တရားခံ ၁၁ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ







မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း ပြည်သူလူထုအထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲတိုက်ခိုက်မှုများ ကျူးလွန်ခြင်း၊ ဓားပြမှု၊ လုယက်မှုနှင့် ဒုစရိုက်မှုများ ကျူးလွန်ခြင်းတို့ မဖြစ်ပေါ်စေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်ခြင်း၊ ပိတ်ဆို့စစ်ဆေးရှာဖွေခြင်း၊ ရှောင်တခင်ဧည့်စာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဖြစ်ပွားခဲ့သည့်ဖြစ်မှုများမှ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့ပေါ်၌ ပြည်သူများအား အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဖောက်ခွဲရေးသုံးပစ္စည်းများဖြင့် ပစ်ခတ်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် ၁၂-၆-၂၀၂၄ ရက်နေ့ ညပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မန္တလေးမြို့ပေါ် ရပ်ကွက်များအတွင်း ပိတ်ဆို့စစ်ဆေးရှာဖွေခြင်း၊ ရှောင်တခင်ဧည့်စာရင်း စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မဟာမြိုင်(၂) ရပ်ကွက်၊ ၆၃(အေ)လမ်း၊ ၆၁ လမ်းထောင့်ရှိ Royal Star စားသောက်ဆိုင်ရှေ့တွင် အမျိုးသား ၂ ဦးမှ လက်ပစ်ဗုံး ၁ လုံးနှင့် ဓားမြှောင် ၁ ချောင်းတို့အား ကိုင်ဆောင်၍ ဆိုင်ဝန်ထမ်းများအား ရန်ရှာခြိမ်းခြောက်နေကြောင်း သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ လက်ပစ်ဗုံးဖြင့်ဖောက်ခွဲရန် ခြိမ်းခြောက်ခဲ့သူ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ဒ-၉/၁၀၆ နေ ဝင်းမြင့် (၅၆)နှစ်၊ (ဘ) ဦးချစ်ခင်အား MG-1 လက်ပစ်ဗုံး (၁) လုံး၊ အရိုးအသွား ၁၃ လက်မခန့်ရှိ ဓားအိမ်ပါ ဓားဦးချွန်ကိုင်ဆောင်ခြိမ်းခြောက်ခဲ့သူ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာရှိ အောင်မြေမန္တလာဝန်ထမ်းအိမ်ရာနေ ကျော်ဇေယျာ (၃၉)နှစ်၊ (ဘ) ဦးကျော်ငွေအောင်အား ဓားဦးချွန် ၁ ချောင်းဖြင့်လည်းကောင်း၊ ၁၃-၆-၂၀၂၄ ရက်နေ့ ၀၁၀၀ အချိန်တွင် ၎င်းတို့၏ နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့ပြီး အသေးစိတ် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မန္တလေးမြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ရှိ မြို့နယ်များအတွင်း လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သူ ပိုင်စိုး(ခ) ပိုင်ပိုင်စိုး(ခ)ရှုရစ်ဘိုင်(၃၂)နှစ်၊ (ဘ)ဦးအောင်သန်းအား ၁၃-၆-၂၀၂၄ ရက်နေ့ ၁၂၃၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ပါသည်။

စစ်ဆေးချက်အရ ပိုင်စိုး(ခ)ပိုင်ပိုင်စိုး(ခ)ရှုရစ်ဘိုင်သည် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်များအတွင်း စစ်ကိုင်းမြို့နှင့် မန္တလေးမြို့များအတွင်း ခိုးမှုနှင့်လုယက်မှု ၂ မှုတို့ဖြင့် ထောင်ဒဏ် ၄ နှစ် ကျခံခဲ့ဖူးသူဖြစ်ပြီး လွန်ခဲ့သည့် ၂၀၂၄ ခုနှစ် မေလအတွင်း ၎င်းသည် ဖမ်းဆီးရန်ကျန်တရားခံ ကျောက်ဆည်မြို့နယ်၊ လက်ပံကျေးရွာနေ မျိုးမင်းလတ်နှင့်အတူ အမရပူရမြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ကျောက်စိမ်းဘုရားအနီး၊ စွယ်တော်ဘုရားအရှေ့ဘက် ပွဲရုံတိုက်တန်းအနီး၊ မြစ်ငယ်-စစ်ကိုင်းသွားကားလမ်းရှိ ကျောက်စိမ်းဘုရားအနီး၊ မြစ်ငယ်-အုန်းချောသွားကားလမ်းရှိ စိတ်ကျန်းမာရေးဆေးရုံအနီး၊ ရန်ကုန်-မန္တလေးကားလမ်းဟောင်းဘေးရှိ နတ်ရေကန်ကျေးရွာအနီး၊ ပြည်ကြီးတံခွန်မြို့နယ် အတွင်းရှိ ရန်ကုန်-မန္တလေးကားလမ်းဟောင်းရှိ တံခွန်တိုင်အဝိုင်းအနီး၊ ၇၃ လမ်းရှိ ယာယီကားကြီးကွင်းအနီး စုစုပေါင်း နေရာ(၇)ခုတို့တွင် ဆိုင်ကယ်စီးနင်းသွားလာသူများထံမှ ရွှေထည်ပစ္စည်းများအား လုယက်မှု(၇)ကြိမ် ကျူးလွန်ခဲ့သူဖြစ်ကြောင်း ဖော်ထုတ်သိရှိရပြီး အမှုများမှ သက်သေခံပစ္စည်းများအား သိမ်းဆည်းနိုင်ရေးနှင့် အမှုမှ ဖမ်းဆီးရန်ကျန် တရားခံ မျိုးမင်းလတ်အား ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

အလားတူ ၂-၆-၂၀၂၄ ရက်နေ့နှင့် ၁၂-၆-၂၀၂၄ ရက်နေ့တို့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ **Sky Mobile Phone** အရောင်းဆိုင်နှင့် **Paradise Mobile Phone** အရောင်းဆိုင်တို့ရှိ လက်ကိုင်ဖုန်းမျိုးစုံ ၂၅ လုံးအား ဓားရှည်များ ကိုင်ဆောင်အသုံးပြု၍ လုယက်ယူဆောင်ခဲ့သူ တရားခံများအားဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးအထောက်အကူပြုပစ္စည်းမှ ရရှိသည့် အချက်အလက်များနှင့် ဒုစရိုက်မှုကို မလိုလားသူ ပြည်သူများ၏ သတင်းပေးပို့ချက်အရ စုံစမ်းဖော်ထုတ်ခဲ့ရာ ၁၃-၆-၂၀၂၄ ရက်နေ့ ၁၁၀၀ အချိန်တွင် လုယက်မှု ကျူးလွန်သူများဖြစ်ကြသည့် တရားခံ ကျော်ဇင်ခန့်(ခ)ငပြူး(၂၀)နှစ်၊ (ဘ)ဦးဇော်မင်းနောင်အား မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၃၈ လမ်း၊ ၆၉ လမ်းနှင့် ၇၀ လမ်းကြားရှိ နယူးရွှေထိပ်တန်းတည်းခိုခန်း၊ အခန်းအမှတ် **B-1** တွင်လည်းကောင်း၊ ဟိန်းမင်းစိုး(ခ)ဖိုးသား(၂၈)နှစ်၊ (ဘ)ဦးစိုးမြင့်အား ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ ၅၇ လမ်းနှင့် ၅၉ လမ်းကြား၊ ၁၁၂ လမ်းပေါ်ရှိ **Maple** တည်းခိုခန်း၊ အခန်းအမှတ်(၁၀၅)တွင်လည်းကောင်း လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် **i phone** အမျိုးအစား လက်ကိုင်ဖုန်း ၉ လုံး၊ **Redmi A3** အမျိုးအစား လက်ကိုင်ဖုန်း ၇ လုံးနှင့် ဖြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဓားရှည် ၂ ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံ ကျော်ဇင်ခန့်(ခ)ငပြူးနှင့် ဟိန်းမင်းစိုး(ခ)ဖိုးသားတို့၏ ထွက်ဆိုချက်အရ ၎င်းတို့ ၂ ဦးမှ **Mobile Phone** အရောင်းဆိုင်များအား လုယက်မှုကျူးလွန်စဉ် ဖမ်းဆီးရန်ကျန်တရားခံ စဉ့်ကူးမြို့နယ်၊ လက်ပံလှကျေးရွာနေ မိုးဆန်းအောင်(ခ)ပိစိ(၂၃)နှစ်၊ (ဘ)ဦးအေးဆောင်က ဆိုင်ကယ်ဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်းနှင့် လုယက်ရာမှရရှိသည့် လက်ကိုင်ဖုန်းများအား အပေါင်ခံသူများဖြစ်ကြသည့် ရန်ကျော်(၃၄)နှစ်၊ (ဘ)ဦးခင်မောင်ဝင်း၊ မောင်မောင်ချစ်(၂၉)နှစ်၊ (ဘ)ဦးမောက်၊ ငွေမင်းသူ(၃၄)နှစ်၊ (ဘ)ဦးသိန်းမောင်တို့နှင့် လုယက်ရာမှရရှိသည့် လက်ကိုင်ဖုန်းများအား ရောင်းချပေးသူများဖြစ်ကြသည့် ခိုင်ဇာလင်း(၂၀)နှစ်၊ (ဘ)ဦးလင်းထိန်၊ သက်သက်ဦး(၁၆)နှစ်၊ (ဘ)ဦးအောင်မျိုးဝင်းနှင့် ဖွေးဖွေးလှိုင်(ခ)မိုးသန္တာလှိုင် (၁၆)နှစ်၊ (ဘ)ဦးနိုင်ဝင်းတို့အား ယင်းနေ့ ၁၄၀၀ အချိန်တွင် ၎င်းတို့၏ နေအိမ်အသီးသီး၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။

ဆက်လက်စစ်ဆေးဖော်ထုတ်ချက်များအရ ကျော်ဇင်ခန့်(ခ)ငပြူး၊ ဟိန်းမင်းစိုး(ခ)ဖိုးသားနှင့် ဖမ်းဆီးရန်ကျန် တရားခံ မိုးဆန်းအောင်(ခ)ပိစိတို့ ၃ ဦးသည် ဇွန်လအတွင်း မန္တလေးမြို့ပေါ်ရပ်ကွက်များ၌ ဓားထောက်၍ ဆိုင်ကယ်လုယက်မှု ၃ မှုအား ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး အဆိုပါ အမှုများမှ **CZI** အမျိုးအစား သက်သေခံဆိုင်ကယ် ၁ စီးအား သိမ်းဆည်းရမိခဲ့ကာ ကျန်သက်သေခံပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ဖြစ်စဉ်များတွင် မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း ပြည်သူလူထုအထိတ်တလန့်ဖြစ်စေရန် လက်ပစ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ရန် ခြိမ်းခြောက်မှု၊ **Mobile Phone** အရောင်းဆိုင်များအား လုယက်မှုနှင့် ခရီးသွားပြည်သူများအားဓားထောက်၍ ရွှေထည်ပစ္စည်းများ လုယက်မှုကျူးလွန်ခဲ့ကြသူ ဖမ်းဆီးရမိတရားခံ စုစုပေါင်း (၁၁)ဦးတို့အား သက်ဆိုင်ရာ ရဲစခန်းအသီးသီးတွင် အမှုများဖွင့်လှစ်ထားရှိပြီး ကွင်းဆက်တရားခံနှင့် ဖမ်းဆီးရန်ကျန်တရားခံများ ထပ်မံဖမ်းဆီးရမိနိုင်ရေးနှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများအနေဖြင့် ရပ်ရွာများအတွင်း အကြမ်းဖက်မှုများနှင့် ဒုစရိုက်မှုများ မဖြစ်ပွားစေရေး အကြမ်းဖက်သမားများနှင့် ဒုစရိုက်သမားများ၏ လှုပ်ရှားဆောင်ရွက်မှု သတင်းများအား သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

## မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်တွင် ရွှေပန်းတိမ်လုပ်ငန်းလုပ်ကိုင်သူအား အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်ပြီး ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်ရာတွင် ပါဝင်ခဲ့သည့် တရားခံတစ်ဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



၁၃-၆-၂၀၂၄ ရက်နေ့ ၁၇၂၀ အချိန်ခန့်တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မှော် အနောက်ရပ်ကွက်နေ ရွှေပန်းတိမ်လုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းအောင်သည် ၎င်း၏ရွှေပန်းတိမ်ဆိုင်ရှိရာ အောင်မြေသာစံမြို့နယ်မှ နေအိမ်သို့ ၁၂ လမ်းအတိုင်း ဆိုင်ကယ်ဖြင့် တစ်ဦးတည်းမောင်းနှင်ထွက်ခွာလာစဉ် အမျိုးသား(၂)ဦး(စိစစ်ဆဲ)က **CZI** အမျိုးအစား အနက်ရောင်ဆိုင်ကယ်ဖြင့် အနောက်မှကပ်၍လိုက်ပါပြီး သေနတ်အမျိုးအစား(စိစစ်ဆဲ)ဖြင့် ပစ်ခတ်ကာ ဦးဝင်းအောင်တွင် ပါရှိလာသည့် ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သဖြင့် ဦးဝင်းအောင်တွင် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ပြီး မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူနေစဉ် ရရှိထားသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သောကြောင့် အမှတ်(၄)နယ်မြေရဲစခန်းတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၄ ဖြင့် အမှုဖွင့်၍ တရားခံများ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်ပစ်ခတ်လုယက်မှုကျူးလွန်သူ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့/ညမပြတ် သတင်းရယူစုံစမ်းထောက်လှမ်းခြင်း၊ လုံခြုံရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၏ အကူအညီများ ရယူဆောင်ရွက်ခြင်းနှင့် အေးချမ်းတည်ငြိမ်စွာနေထိုင်လိုသော တာဝန်သိပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် ပြစ်မှုကျူးလွန်သူ တရားခံ(၂)ဦးအနက် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ နန်းတော်ကျွန်းအုပ်စု၊ ဥဒေါင်းကျေးရွာတွင်နေ ကံပိုင်(ခ)ကိုဖြိုး(ခ)ပြည့်ဖြိုးအောင် (၃၈)နှစ်၊ (ဘ) ဦးမြင့်အောင်အား ၁၈-၆-၂၀၂၄ ရက်နေ့ ၁၈၁၅ အချိန်တွင် အကြမ်းဖက်သတ်ဖြတ်လုယက်ယူဆောင်သွားသည့် သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ၎င်း၏နေအိမ်၌ တွေ့ရှိဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံ ကံပိုင်(ခ)ကိုဖြိုး(ခ)ပြည့်ဖြိုးအောင်၏ ထွက်ဆိုချက်အရ ၎င်းသည် တစ်ရွာတည်းနေ **PDF** အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန်တရားခံ ကိုမောင်း(စိစစ်ဆဲ)နှင့် ချိတ်ဆက်ပြီး ငွေကြေးလိုအပ်ချက်အရ ပန်းတိမ်ဆရာ ဦးဝင်းအောင် လုပ်ငန်းသိမ်းပြီး ရွှေထည်ပစ္စည်းများနှင့်အတူ နေအိမ်သို့အပြန်တွင် သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ ရွှေထည်ပစ္စည်းများအားလုယူရန် ညှိနှိုင်းခဲ့ရာ သဘောတူညီမှုရရှိခဲ့ပြီး ကိုမောင်း၏ အဆက်အသွယ်ဖြင့် မတ္တရာ **PDF** အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ မင်္ဂလာပါ(အမည်လွှဲ)နှင့် ၁၀-၆-၂၀၂၄ ရက်နေ့ ၁၆ ၃၀ အချိန်တွင် ၁၂ လမ်းနှင့် ၈၉ လမ်းထောင့်တွင် တွေ့ဆုံ၍ ပစ်ခတ်လုယက်မည့်အစီအစဉ်အား တိုင်ပင်ခဲ့ပြီး ၁၃-၆-၂၀၂၄ ရက်နေ့ ၁၆ ၄၅ အချိန်တွင် ဖမ်းဆီးရန်ကျန်တရားခံ မင်္ဂလာပါနှင့်အတူ ၁၂ လမ်းရှိ ရွှေပုဇွန်ဆီဆိုင်အနီးတွင် အသင့်စောင့်ဆိုင်းနေပြီး ဦးဝင်းအောင် ထွက်လာချိန်တွင် ကံပိုင်(ခ)ကိုဖြိုး(ခ)ပြည်ဖြိုးအောင်မှ ဆိုင်ကယ်အား မောင်းနှင်ပြီး ဖမ်းဆီးရန်ကျန် တရားခံ မင်္ဂလာပါက နောက်မှ စီးနင်းလိုက်ပါကာ ဦးဝင်းအောင်၏ ဆိုင်ကယ်နောက်မှကပ်၍ မောင်းနှင်လိုက်ပါသွားပြီး **Golden Star** ဘီယာဆိုင်ရှေ့အရောက်တွင် မင်္ဂလာပါမှ ၎င်းအသင့်ယူဆောင်လာသည့် တစ်ထောင့်ထိုးလက်လုပ်သေနတ်ဖြင့် ဦးဝင်းအောင်အား ပစ်ခတ်ခဲ့ပြီး လဲကျသွားချိန်တွင် ကံပိုင်(ခ)ကိုဖြိုး(ခ)ပြည့်ဖြိုးအောင်မှ ဆိုင်ကယ်အားရပ်၍ ဦးဝင်းအောင် လွယ်ထားသည့် ရွှေထည်ပစ္စည်းများ ထည့်ထားသောအိတ်အား ဖြုတ်ယူကာ အခင်းဖြစ်နေရာမှ မောင်းနှင်ထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဖြစ်စဉ်တွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၏ နေ့/ညမပြတ် ကြိုးပမ်းဆောင်ရွက်မှုနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို လိုလားသည့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် အကြမ်းဖက်ပစ်ခတ်လုယက်မှု ကျူးလွန်သူတရားခံ ကံပိုင်(ခ)ကိုဖြိုး(ခ)ပြည့်ဖြိုးအောင်အား ပြစ်မှုဖြစ်ပွားပြီး (၅)ရက်အတွင်း သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေးနှင့် ဖမ်းဆီးရန်ကျန် တရားခံ **PDF** အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်ကြသည့် ကိုမောင်းနှင့် မင်္ဂလာပါတို့(၂)ဦးအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၌ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသော တရုတ်နိုင်ငံသား ၄ ဦးအား လက်နက်၊ ခဲယမ်းများ၊ ဆက်သွယ်ရေး စကားပြောစက်များ၊ မူးယစ်ဆေးဝါးများ၊ တရားမဝင်လက်ဝယ်ထားရှိသည့် တောရိုင်းတိရစ္ဆာန်များနှင့်အတူ ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၌ ၁၉-၆-၂၀၂၄ ရက်နေ့က မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသော တရုတ်နိုင်ငံသား ၄ ဦးအား လက်နက်၊ ခဲယမ်းများ၊ ဆက်သွယ်ရေးစကားပြောစက်များ၊ မူးယစ်ဆေးဝါးများ၊ တရားမဝင်လက်ဝယ်ထားရှိသည့် တောရိုင်းတိရစ္ဆာန်များနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖြစ်စဉ်မှာ ၁၉-၆-၂၀၂၄ ရက်နေ့ ၁၅၂၀ အချိန်တွင် တာချီလိတ်မြို့နယ်၊ ဝမ်ကျောက်လုံကျေးရွာရှိ ဒေါ်အီလာခမ်း(ဘ)ဦးအိုက်ဟုန် ပိုင်ဆိုင်သည့် ခြံအမှတ်(ဝကလ-ဝ၆၄)ရှိ ငါးကန်ဟောင်းနေရာ၌ တရုတ်နိုင်ငံသားများ တရားမဝင်ရောက်ရှိနေထိုင်လျက်ရှိကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဝင်ရောက်စစ်ဆေးရာ အဆိုပါနေရာ၌ တရားမဝင်ရောက်ရှိနေထိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား အန်းဟွေးပြည်နယ်၊ ရှန်ရင်တုန့်ပိုင်မြို့နေ ရှောက်ဟူ(၃၄)နှစ် (ဘ)ဝမ်းလိ၊ ဖူးကျန့်ပြည်နယ်၊ လုံးရမ်မြို့နေ လောင်းရောင်း(၄၅)နှစ်၊ (ဘ) လောင်ဖိန်း၊ ဟူနန်ပြည်နယ်၊ ဟိန်းရမ်မြို့နေ လောင်လျှိုး(၃၄)နှစ်၊ (ဘ) လျှိုရှင်းယုံနှင့် ကွေကျိုးပြည်နယ်၊ အန်းစွင့်မြို့နေ အားဖိန်(၂၈)နှစ်(ဘ) အားကျင်းတို့ ၄ ဦးအား **MK 12** အမျိုးအစား သေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ ကျည် ၁၀ တောင့်၊ **M 16** အမျိုးအစားသေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ ကျည် ၁၉ တောင့်၊ **CZ 512** အမျိုးအစား သေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ ပွိုင့် ၂၂ ကျည် ၉၁ တောင့်၊ **GLOCK-19** ပစ္စတိုသေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ ကျည် ၈ တောင့်၊ **Sig Sauer** ပစ္စတိုသေနတ် ၂ လက်၊ ၎င်းကျည်အိမ် ၂ ခု၊ ကျည် ၂၁ တောင့်၊ ဆက်သွယ်ရေးစကားပြောစက် ၈ လုံး၊ ကတ်တမင်း ၁၅၀ ဂရမ်ခန့်၊ မူးယစ်ဆေးဝါးမွှေစက် ၁ လုံးနှင့် တရားမဝင် လက်ဝယ်ထားရှိသည့် တောရိုင်းတိရစ္ဆာန် ခြသေ့် ၁ ကောင်၊ ကျား ၁ ကောင်၊ ဝက်ဝံ ၂ ကောင် တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ပါသည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား ၄ ဦးနှင့် ၎င်းတို့အား တရားမဝင် နေထိုင်ခွင့်ပြုထားသူ ခြံပိုင်ရှင် ဒေါ်အီလာခမ်း(ဘ) ဦးအိုက်ဟုန်တို့အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်တို့တွင် တရားမဝင် Online လောင်းကစားလုပ်ကိုင်သူ မြန်မာနိုင်ငံသား(၁၂)ဦးနှင့် တရုတ်နိုင်ငံသား(၂၉၅)ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ





၂၇-၆-၂၀၂၄ ရက်နေ့ ၀၁၃၀ အချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၆၁ လမ်းနှင့် ၆၂ လမ်းကြား၊ ၁၁၇ လမ်းရှိ ကိုထင်ရှမ်း၏နေအိမ်တွင် တရားမဝင် Online လောင်းကစားလုပ်ကိုင်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ပါသည်။

ထိုသို့ဝင်ရောက်ရှာဖွေရာတွင် နေအိမ်အပေါ်ဆုံးထပ်ရှိ ညှော်ခန်းအတွင်း၌ Online လောင်းကစားပြုလုပ်ရန်အတွက် အငှားထားသော အိမ်ပိုင်ရှင်ဖြစ်သူ ထင်ရှမ်း(၃၂)နှစ် (ဘ)ဦးအောင်နိုင်နှင့် တရားမဝင် Online လောင်းကစား လုပ်ငန်းလုပ်ကိုင်နေသူများဖြစ်ကြသည့် ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ရပ်ကွက်နေ မန်နေဂျာ ရန်ဝင်းမြင့်(ခ) ကျန်ဝမ်ရီ (၂၁)နှစ် (ဘ)ဦးကျော်ဝင်း၊ လောက်ကိုင်မြို့နယ်၊ ကျုံးရှန်ကျေးရွာနေ ကြီးကြပ်လုပ်ကိုင်သူ လောင်ကျင်းကျွမ်(၂၆)နှစ် (ဘ)ဦးလော်ဆုရောင်းနှင့် လောင်းကစားဂိမ်းဝန်ထမ်းများဖြစ်ကြသည့် တာမိုးညဲမြို့၊ အမှတ်(၄)ရပ်ကွက်နေ ဇင်မာထွေး(ခ) ရင်ရုံ(၁၉)နှစ် (ဘ)ဦးမကျင်အမ်းပါ အမျိုးသား(၁)ဦးနှင့် အမျိုးသမီး(၈)ဦး၊ စုစုပေါင်း အိမ်ရှင်(၁)ဦးအပါအဝင် တရားခံ(၁၂)ဦးတို့အား တရားမဝင် Online လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် Laptop မျိုးစုံ(၆)လုံး၊ လက်ကိုင်ဖုန်းမျိုးစုံ(၆၃)လုံး၊ မြန်မာငွေစက္ကူ(၁၁၀)သိန်းကျပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(၆)ခု၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ပါသည်။

အလားတူ ၂၈-၆-၂၀၂၄ ရက်နေ့ ၁၇၄၅ အချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ပါဆတ်ရပ်ကွက်၊ လွန်းကျိုင်းလမ်း၊ အိမ်အမှတ်(မ-၃/၂၃၂)တွင် တရုတ်နိုင်ငံသားများ ခိုအောင်းနေထိုင်ပြီး တရားမဝင် Online လောင်းကစားများလုပ်ကိုင်လျက်ရှိကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်း အထောက်အထားတစ်စုံတစ်ရာမပါရှိဘဲ တရားမဝင် ရောက်ရှိနေသည့် တရုတ်နိုင်ငံသား အမျိုးသား(၂၈၈)ဦး၊ အမျိုးသမီး(၇)ဦး၊ စုစုပေါင်း(၂၉၅)ဦးတို့အား Online လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းမျိုးစုံ(၉၀၀)လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါသည်။

ဖြစ်စဉ်များတွင် ဖမ်းဆီးရမိထားသည့် တရားမဝင် Online လောင်းကစားလုပ်ကိုင်သူ မြန်မာနိုင်ငံသား(၁၂)ဦးနှင့် တရုတ်နိုင်ငံသား(၂၉၅)ဦးတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လိုအပ်သောစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

---

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၈ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၆၀၃ ကီလို ဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၈-၇-၂၀၂၄ ရက်နေ့ ၁၈၃၀ အချိန်တွင် ကျိုင်းတုံမြို့နယ်၊ မိုင်းပျဉ်း-ကျိုင်းတုံသွားကားလမ်း၊ ကျိုင်းဖောင်းရွာအနီးတွင် မိုင်းပျဉ်းဘက်မှ ကျိုင်းတုံဘက်သို့ စိုင်းလင်းဦး မောင်းနှင်လာသည့် NISSAN ၁၂ ဘီးယာဉ်ကို သတင်းအရ စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် ပြောင်းအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော ဒေသကာလတန်ဖိုးငွေကျပ် ၄ ဒသမ ၈၂၄ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၆၀၃ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား မိုင်းပျဉ်းမြို့မှ တာချီလိတ်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်တွင် ငွေကျပ်သိန်း ၅,၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ သိန်း ဖမ်းဆီးရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၅-၆-၂၀၂၄ ရက်နေ့ ၀၉၃၀ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းတွင် ဆန်းပြည့်အောင် မောင်းနှင်လာသော TOYOTA SUCCEED မော်တော်ယာဉ်အား သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ကြိမ်ဆွဲခြင်းများအတွင်း မုန့်ထုပ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၅,၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြား ၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် ညီညီအား ယင်းနေ့ ၁၀၀၀ အချိန်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သုဓမ္မာလမ်းတွင်လည်းကောင်း၊ စိုးပိုင်(ခ) ကိုစိုးနှင့် မောင်မောင်ဌေး တို့အား မွန်းတည့် ၁၂၀၀ အချိန်တွင် မင်္ဂလာဒုံမြို့နယ်၊ ရှမ်းစုရပ်ကွက်၊ ပြည်လမ်းတွင် TOYOTA CORONA မော်တော်ယာဉ်တစ်စီးနှင့် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ခိုးမှု ၃ မှုနှင့် ခိုးမှု(မသင်္ကာ) ၂ မှု ကျူးလွန်သူ တရားခံ အမျိုးသား ၄ ဦးအား သက်သေခံရွှေထည်ပစ္စည်းများ၊ ငွေကြေးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



၁၁-၆-၂၀၂၄ ရက်နေ့ ၁၈၃၀ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၇၇) ရပ်ကွက်၊ ဗမ္မသီရိလမ်း၊ အိမ်အမှတ်(၇၆၄)နေ ဦးဒွန်ထက်ရှိန်၏ နေအိမ်အိပ်ခန်းအတွင်းရှိ ခရီးဆောင်အိတ်အတွင်းထည့်ထားသည့် ရွှေတုံး(၂)တုံးနှင့် ရွှေထည်ပစ္စည်းမျိုးစုံ(၃၁)မျိုး၊ မြန်မာငွေ(၈၁,၈၀၅,၅၀၀)ကျပ် တန်ဖိုးရှိ နိုင်ငံခြားသုံးငွေများ၊ စုစုပေါင်းတန်ဖိုးငွေ (၁၅၉,၈၁၅,၉၀၀)ကျပ်ခန့် ခိုးယူခံရကြောင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းတွင် (ပ)၃၀၇/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်လှစ်ခဲ့သဖြင့် တရားခံများဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အခင်းဖြစ်ရပ်သို့ သွားရောက်စစ်ဆေးပြီး တရားခံများ ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၅၈)ရပ်ကွက်နေ ငရဲ(ခ)ထက်ဦး(၂၉)နှစ် (ဘ)ဦးစိုးအား ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ စွန်တနီးကျေးရွာအုပ်စု၊ မြစ်မ်းကျေးရွာတွင် ၁၄-၆-၂၀၂၄ ရက်နေ့ ၁၈၃၀ အချိန်တွင်လည်းကောင်း၊ တစ်ရပ်ကွက်တည်းနေ ပြည့်စုံ(ခ)ကုလား (၂၉)နှစ်၊ (ဘ)ဦးဝင်းတင်အား ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ အမှတ်(၂၆)ရပ်ကွက်ရှိ SKY KTV တွင် ၁၅-၆-၂၀၂၄ ရက်နေ့ ၂၃၀၀ အချိန်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိသူ တရားခံများဖြစ်သည့် ငရဲ(ခ)ထက်ဦးနှင့် ပြည့်စုံ(ခ)ကုလားတို့၏ ထွက်ဆိုချက်အရ သက်သေခံပစ္စည်းများဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၀၀ တန် (၁၈၈)ရွက်၊ တိုင်ချက်မပါ နိုင်ငံအချို့မှ ငွေအကြွေစေ့မျိုးစုံ(၃၂)စေ့၊ တန်ဖိုးငွေ(၆၉)သိန်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ(၆)မျိုး၊ အမေရိကန်ဒေါ်လာများအား ရောင်းချရရှိငွေများအနက်မှ ကျန်ရှိသည့် မြန်မာငွေကျပ်(၂၃၅)သိန်း၊ လက်ကိုင်ဖုန်း ၂ လုံးတို့အား ၎င်းတို့၏ နေအိမ်အသီးသီးတွင် သိမ်းဆည်းရမိခဲ့ပြီး ကျန်သက်သေခံပစ္စည်းများနှင့် ၎င်းတို့၏ ခိုးရာပါသက်သေခံပစ္စည်းများအား ထုခွဲရောင်းချပေးသူ ဖမ်းဆီးရန်ကျန်တရားခံ ထွန်းထွန်းလင်း (စိစစ်ဆဲ)မှ ယူဆောင်ထွက်ပြေးလျက်ရှိကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဆက်လက်၍ ဖမ်းဆီးရမိတရားခံများအား အခြားပြစ်မှုကျူးလွန်ထားရှိမှု ရှိ/မရှိ အသေးစိတ် ဆက်လက်စစ်ဆေးရာ တရားခံ ငရဲ(ခ)ထက်ဦး၊ ပြည့်စုံ(ခ)ကုလားနှင့် ဟိန်းထက်ဇော်(ခ)အသေးလေးတို့ ၃ ဦးသည် ၂၆-၂-၂၀၂၄ ရက်နေ့တွင် အမှတ်(၇၈) ရပ်ကွက်၊ အိမ်အမှတ်(၆၄၀)မှ ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေ(၁၉၇)သိန်းကျပ်အား ခိုးယူခဲ့ကြောင်း၊ ငရဲ(ခ)ထက်ဦး၊ ပြည့်စုံ(ခ)ကုလားနှင့် ချစ်ကို(ခ)လက်ပွားတို့ ၃ ဦးသည် သာကေတမြို့နယ်၊ (၆/အနောက်)ရပ်ကွက်၊ ဗမ္မသီရိလမ်း၊ အိမ်အမှတ်(၁၉၃/ခ)မှ ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် (၉,၅၃၅,၁၀၀)ကို ခိုးယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ပြစ်မှုကျူးလွန်၍ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်ကြသည့် ဟိန်းထက်ဇော်(ခ)အသေးလေးနှင့် ချစ်ကို(ခ)လက်ပွားတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ၁၆-၆-၂၀၂၄ ရက်နေ့ မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၆၀)ရပ်ကွက်နေ ဟိန်းထက်ဇော်(ခ)အသေးလေး(၂၃)နှစ် (ဘ)ဦးဇော်ဝင်းနှင့် ဒလမြို့နယ်၊ တံတားကျောင်းကျေးရွာနေ ချစ်ကို(ခ)လက်ပွား(၂၂)နှစ်၊ (ဘ)ဦးဖိုးချို တို့အား ၎င်းတို့၏နေအိမ်အသီးသီးတွင် ထပ်မံဖမ်းဆီးရမိခဲ့ပြီး အမှု(၂)မှုမှ သက်သေခံပစ္စည်း တန်ဖိုးငွေကျပ်(၂၆၁)သိန်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၅ ကျပ်သား ၁၁ ပဲအား ထပ်မံသိမ်းဆည်းရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံ ငရဲ(ခ)ထက်ဦး၊ ပြည့်စုံ(ခ)ကုလား၊ ချစ်ကို(ခ)လက်ပွားနှင့် ဟိန်းထက်ဇော်(ခ)အသေးလေးတို့ ၄ ဦးအား ဆက်လက်စစ်ဆေးရာ ၎င်းတို့ ၄ ဦးသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၇၇) ရပ်ကွက်ရှိ နေအိမ်တစ်လုံးမှ Vivo အမျိုးအစား ရွှေရောင်လက်ကိုင်ဖုန်းတစ်လုံး ခိုးယူခဲ့ပြီး ဧပြီလအတွင်းတွင် အဆိုပါရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ လက်ကိုင်ဖုန်းမျိုးစုံ (၃)လုံးခိုးယူခဲ့ကြောင်း ထပ်မံဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့ ၄ ဦးအား အမှုတစ်ခုချင်းစီအတွက် အမှုအသီးသီးထပ်မံဖွင့်လှစ်ခဲ့ပါသည်။

ဖြစ်စဉ်တွင် ခိုးမှု ၃ မှု၊ ခိုးမှု(မသင်္ကာ) ၂ မှုတို့အား ဖော်ထုတ်နိုင်ခဲ့ပြီး အမှုများမှ ဖမ်းဆီးရမိတရားခံ ငရဲ(ခ)ထက်ဦးပါ ၄ ဦးတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိပြီး သက်သေခံရွှေထည်ပစ္စည်း၊ ငွေကြေးများနှင့်အတူ ထွက်ပြေးလွတ်မြောက်လျက်ရှိသည့် ဖမ်းဆီးရန်ကျန်တရားခံ ထွန်းထွန်းလင်းအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၉ ဒသမ ၆ ကီလို ဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁၈-၆-၂၀၂၄ ရက်နေ့ ၂၂၀၀ အချိန်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ဝမ်တာပုံကျေးရွာအနီးတွင် TOYOTA WISH ခရီးသည်တင်မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် အိုက်ဆန်း(ခ)အိုက်ပေါင်း သယ်ဆောင်လာသည့် ပလတ်စတစ်ပုံးအတွင်းမှ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၉ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိစိတ်ပြောင်းဆေးဝါးများအား မိုင်းယန်းမြို့နယ်၊ မိုင်းပေါက်မြို့မှ တာချီလိတ်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းနှင့် သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ ခင်ခင်ဦး(ခ) စီစီနှင့် အိုက်ဆန်း(ခ)အိုက်ပေါင်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၃၀၀ တုံး၊ အလေးချိန် ၁၀၅ ကီလို ဖမ်းဆီးရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၉-၇-၂၀၂၄ ရက်နေ့ ၁၇၃၀ အချိန်တွင် တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်တွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသည့် စိုင်းဝဏ္ဏ၊ ညီလင်း(ခ)အိုက်ထွန်းနှင့် အောင်ဝင်းတို့ ၃ ဦးသည် TOYOTA CROWN မော်တော်ယာဉ် ၂ စီးဖြင့် ရောက်ရှိလာ၍ ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းတို့ သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၅၇၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၃၀၀ တုံး၊ အလေးချိန် ၁၀၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူဘလောက်တုံးများအား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



## မရမ်းကုန်းမြို့နယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ သီတာခန်းမတွင် ဆန္ဒဖော်ထုတ်ဆွေးနွေးပွဲ (ဒါဘ)(၇/၂၀၂၄)ကျင်းပပြုလုပ်



ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ သီတာခန်းမတွင် ၈-၇-၂၀၂၄ ရက်နေ့၊ ၀၉၀၀ အချိန်တွင် ဆန္ဒဖော်ထုတ်ဆွေးနွေးပွဲ (ဒါဘ)(၇/၂၀၂၄)ကို ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဌ ဇနီး ဒေါ်ခင်ယုံ၊ အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိများ၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် စုစုပေါင်း အင်အား (၅၃၁)ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ဦး/ရေး/ထောက်/ငွေစာရင်းများမှ အရာရှိကြီးများ၊ တိုင်းမီးသတ်ဦးစီးမှူးမှ တင်ပြချက်များအပေါ် ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူမှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် ဇနီး ဒေါ်ခင်ယုံတို့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တစ်ဦးလျှင် ဆီ(၁)ပိဿာနှင့် ကြက်ဥ(၁၀)လုံး၊ စုစုပေါင်း ဆီ(၂၇၈)ပိဿာနှင့် ကြက်ဥ (၃၁၃၀)လုံးပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကျောက်တန်းမြို့နယ်၊ ပါဒကြီးကျေးရွာ၊ မိတ်ဆက်စားသောက်ဆိုင်ရှေ့တွင် ယာဉ်မီးလောင်မှုဖြစ်ပွား

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ပါဒကြီးကျေးရွာ၊ မိတ်ဆက်စားသောက်ဆိုင်ရှေ့၊ သန်လျင်-ကျောက်တန်းလမ်းမကြီးပေါ်တွင် ၁၁-၇-၂၀၂၄ ရက်နေ့၊ ၁၄ ၀၅ အချိန်ခန့်က သန်လျင်မှ ကျောက်တန်းသို့ ယာဉ်မောင်း ဦးသန်းထိုက်အောင် မောင်းနှင်လာသော ယာဉ်အမှတ် YGN-21၊ DD-3525၊ TOYOTA FIELDER အမျိုးအစား (အဖြူရောင်)ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးဝါတ်တိုင်အား ဝင်တိုက်မိရာမှ ဝါယာကြိုးများရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွားကြောင်း ၁၄ ၀၆ အချိန်သတင်းရရှိသဖြင့် ကျောက်တန်းမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၂)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၁၀)ဦးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ ၁၄ ၁၃ အချိန် မီးငြိမ်းခဲ့ပြီး အဆိုပါမီးလောင်မှုကြောင့် ယာဉ်၏ အင်ဂျင်ခန်း၊ ဒက်ရှ်ဘုတ်၊ ရှေ့တာယာ (၂)လုံးနှင့် ကားကူရှင်များ မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။



## စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ဧရာဝတီမြစ်ကမ်းဘေး၊ ပိုးတန်းရေစက်အနီး ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ကျောက်စီရေထိန်းနံရံများအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်



စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ဧရာဝတီမြစ်ကမ်းဘေး၊ ပိုးတန်းရေစက်အနီး ဧရာဝတီမြစ်ရေ မြင့်တက်လာသဖြင့် ၁၁-၇-၂၀၂၄ ရက်နေ့၊ ၁၀ ၃၀ အချိန်ခန့်က ကျောက်စီရေထိန်းနံရံများအား ရေတိုက်စားမှုကြောင့် ကျိုးပေါက်မှု မဖြစ်ပေါ်စေရေးအတွက် စစ်ကိုင်းခရိုင်မီးသတ်စခန်းမှ မီးသတ်အထောက်အကူပြုယာဉ်(၄)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၂၂)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် (၁၈)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများသွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ဗန်းမော်မြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်မှုဖြစ်ပွား

ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်တွင် ၃-၇-၂၀၂၄ ရက်နေ့၊ ၀၆ ၀၀ အချိန်ခန့်က ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်မှုဖြစ်ပွားနေကြောင်း သတင်းရရှိသဖြင့် ဗန်းမော်ခရိုင်မီးသတ်စခန်းမှ မီးသတ်စက်ယာဉ်(၁)စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီး၊ ရှာဖွေကယ်ဆယ်ရေး လှေ(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၄၅)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အိမ်ထောင်စု(၂၈၉)စုမှ ကျား(၆၁၁)ဦး၊ မ(၇၁၅)ဦး ပေါင်း(၁၃၂၆)ဦးတို့အား ယာယီရွှေ့ပြောင်းခြင်းလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ကလေးဝမြို့နယ်တွင် ချင်းတွင်းမြစ်ရေနှင့် မြစ်သာမြစ်ရေ မြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များတွင် ရေဝင်ရောက်မှုဖြစ်ပွား



စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်တွင် ၆-၇-၂၀၂၄ ရက်နေ့၊ ၀၈ ၀၀ အချိန်ခန့်က ချင်းတွင်းမြစ်ရေနှင့် မြစ်သာမြစ်ရေမြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များတွင် ရေဝင်ရောက်မှုဖြစ်ပွားနေကြောင်း သတင်းရရှိသဖြင့် ကလေးဝမြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၂)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အိမ်ထောင်စု(၃၃)စုမှ ကျား(၇၀)ဦး၊ မ(၆၅)ဦး ပေါင်း (၁၃၅)ဦးတို့အား ယာယီရွှေ့ပြောင်းခြင်းလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ရန်ကင်းမြို့နယ်၊ (၇)ရပ်ကွက်၊ စိမ်းလဲ့မေရိပ်သာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုကော်မတီရုံးဝန်းအတွင်း မြွေဝင်ရောက်မှုဖြစ်ပွား

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၇)ရပ်ကွက်၊ စိမ်းလဲ့မေရိပ်သာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုကော်မတီရုံးဝန်းအတွင်းတွင် ၂၅-၆-၂၀၂၄ ရက်နေ့၊ ၁၃ ၃၀ အချိန်ခန့်က လုံးပတ်(၃)လက်မခွဲ၊ အရှည်(၇)ပေခန့်ရှိ စပါးအုံးမြွေဝင်ရောက်နေကြောင်း ၁၃ ၀၁ အချိန် သတင်းရရှိသဖြင့် ရန်ကင်းမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၄)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၂)ဦးတို့ဖြင့် ဖမ်းဆီးခြင်းလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ သွားရောက်လွှတ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ကော့သောင်းမြို့၊ အေးမြသာယာရပ်ကွက်၊ မနော်ဟရီ(၆)လမ်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျပြီး နံရံပြိုကျမှုဖြစ်ပွား



တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အေးမြသာယာရပ်ကွက်၊ မနော်ဟရီ (၆)လမ်းတွင် ၂၅-၆-၂၀၂၄ ရက်နေ့၊ ၁၀ ၃၀ အချိန်ခန့်က မိုးသန်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကျပြီး နံရံပြိုကျမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ကော့သောင်းခရိုင်မီးသတ်စခန်းမှ အုပ်ချုပ်မှုယာဉ်(၁)စီး၊ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၅)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၃)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများသွားရောက် ဆောင်ရွက်ပေးခဲ့ရာ အဆိုပါဖြစ်စဉ်ကြောင့် မ(၁)ဦး (သေဆုံး)အား ရွှေအဏ္ဏဝါနာရေးကူညီမှုအသင်းမှ သူနာတင်ယာဉ်ဖြင့် (၂)မိုင် ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ကံမမြို့နယ်တွင် ရောဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ကျေးရွာ၊ ရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်မှုဖြစ်ပွား

မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်တွင် ၃-၇-၂၀၂၄ ရက်နေ့၊ ဝ၆ ဝဝ အချိန်ခန့်က ရောဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ကျေးရွာ၊ ရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်မှုဖြစ်ပွားနေကြောင်း သတင်းရရှိသဖြင့် ကံမမြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၂)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အိမ်ထောင်စု(၂၈၈)စုမှ ကျား(၄၈၃)ဦး၊ မ(၅၃၂)ဦး၊ ပေါင်း (၁၀၁၅)ဦးတို့အား ယာယီရွှေ့ပြောင်းခြင်းလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ဟသ်ာတမြို့နယ်တွင် ရောဝတီမြစ်ရေမြင့်တက်လာမှုကြောင့် အိပ်ပျက်တာတမံ ကျိုးပေါက်မှုမရှိစေရေးအတွက် တာဘောင်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်



ရောဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ်၊ အိပ်ပျက်ကျေးရွာအုပ်စု၊ ဖောင်ဆိပ်ကျေးရွာတွင် ၁၅-၇-၂၀၂၄ ရက်နေ့၊ ၁၆ ၃၀ အချိန်ခန့်က ရောဝတီမြစ်ရေမြင့်တက်လာမှုကြောင့် အိပ်ပျက်တာတမံကျိုးပေါက်မှုမရှိစေရေးအတွက် ဟသ်ာတခရိုင်အတွင်းရှိ မြို့နယ်မီးသတ်စခန်းများမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၅၀)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် (၂၅)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တာဘောင်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ကော့သောင်းမြို့နယ်၊ မလိဝမ်းကျေးရွာ၊ (၂၂)မိုင် ကော့သောင်း၊ ဘုတ်ပြင်းမိန်းလမ်းမကြီးပေါ်တွင် သစ်ပင်လဲကျမှုဖြစ်ပွား

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ မလိဝမ်းကျေးရွာ၊ (၂၂)မိုင် ကော့သောင်း၊ ဘုတ်ပြင်းမိန်းလမ်းမကြီးပေါ်တွင် ၂၄-၆-၂၀၂၄ ရက်နေ့၊ ၁၂ ၁၅ အချိန်ခန့်က လုံးပတ်(၁)ပေခွဲခန့်၊ အမြင့်(၄၀)ပေခန့်ရှိ ဒညင်းပင်အထက်ပိုင်း ကျိုးကျကာ လမ်းမကြီးပေါ်တွင် လမ်းပိတ်ဆို့မှုဖြစ်ပွားကြောင်း ၁၂ ၃၀ အချိန် သတင်းရရှိသဖြင့် မလိဝမ်းနယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၄)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၂)ဦးတို့ဖြင့် ရှင်းလင်းရေးလုပ်ငန်းများသွားရောက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေကြီးရေလျှံဖြစ်ပွား၍ သောက်သုံးရေ လိုအပ်လျက်ရှိသော ကျေးရွာသို့ သောက်သုံးရေသွားရောက်လှူဒါန်း



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန် (၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေကြီးရေလျှံဖြစ်ပွား၍ သောက်သုံးရေလိုအပ်လျက်ရှိသောကျေးရွာသို့ ၁၄-၇-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀ အချိန်ခန့်တွင် ပွင့်ဖြူမြို့နယ်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ် (၂)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၇)ဦးတို့ဖြင့် ရေဂါလန်(၆၅၀)ခန့် သွားရောက် လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## မင်းဘူးမြို့နယ်အတွင်းရှိ ရေကြီးရေလျှံဖြစ်ပွား၍ သောက်သုံးရေ လိုအပ်လျက်ရှိသော ကျေးရွာသို့ သောက်သုံးရေသွားရောက်လှူဒါန်း

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်အတွင်းရှိ ရေကြီးရေလျှံဖြစ်ပွား၍ သောက်သုံးရေလိုအပ်လျက်ရှိသော ရပ်ကွက်များသို့ ၁၅-၇-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀ အချိန်ခန့်တွင် မင်းဘူးမြို့နယ်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ် (၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့ဖြင့် ရေဂါလန် (၂၄၀၀)ခန့် သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။




## ညောင်ဦးမြို့နယ်အတွင်းရှိ ရေရှားပါး၍ သောက်သုံးရေလိုအပ်လျက်ရှိသော ရပ်ကွက်၊ ကျေးရွာများသို့ သောက်သုံးရေသွားရောက်လှူဒါန်း




မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန် (၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ညောင်ဦးမြို့နယ်အတွင်းရှိ ရေရှားပါး၍ သောက်သုံးရေလိုအပ်လျက်ရှိသော ရပ်ကွက်၊ ကျေးရွာများသို့ ၁၁-၇-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀အချိန်ခန့်တွင် ညောင်ဦးမြို့နယ်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ် (၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၃)ဦးတို့ဖြင့် ရေဂါလန်(၁၆၀၀)ခန့် သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း မီးလောင်ဆုံးရှုံးမှုနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ချက်များ

၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၅၆ ကြိမ် ဖြစ်ပွားခဲ့ပြီး မီးအမျိုးအစားအလိုက် မီးဖိုမီး ၆ ကြိမ်၊ ပေါ့ဆမီး ၁၂ ကြိမ်၊ အလိုအလျောက်မီး ၂ ကြိမ်၊ လျှပ်စစ်မီး ၂၈ ကြိမ်၊ မသမာသူရှို့မီး ၃ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၃ ကြိမ်၊ မိုးကြိုးပစ် ၁ ကြိမ်၊ စုံစမ်းဆဲ ၁ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၆၄ လုံးတွင် ဂိုဒေါင် ၂ လုံး မီးလောင်ခံရပြီး မီးဘေးသင့်ပြည်သူ ၁၅ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။ သေဆုံး ၃ ဦး၊ ဒဏ်ရာရ ၃ ဦးရှိခဲ့ပြီး ငွေကျပ် ၉၃ ဒသမ ၉၁၀ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ၆ လတာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မီးအမျိုးအစားအလိုက် မီးဖိုမီး ၁၃၈ ကြိမ်၊ ပေါ့ဆမီး ၂၂၂ ကြိမ်၊ အလိုအလျောက်မီး ၁၄ ကြိမ်၊ လျှပ်စစ်မီး ၂၈၄ ကြိမ်၊ မသမာသူရှို့မီး ၄၉ ကြိမ်၊ တောမီး ၆၂ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၃၅ ကြိမ်၊ မိုးကြိုးပစ် ၁ ကြိမ်၊ စုံစမ်းဆဲ ၂ ကြိမ်၊ စုစုပေါင်း ၈၀၇ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၃၁၄၄ လုံးတွင် စက်ရုံ/အလုပ်ရုံ ၅ လုံး၊ ဂိုဒေါင် ၃၇ လုံး မီးလောင်ခံခဲ့ရပြီး မီးဘေးသင့် ပြည်သူ ၇၀၅၈ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပါသည်။ မီးလောင်မှုကြောင့် လူ ၆၂ ဦး သေဆုံး၊ ၆၄ ဦး ဒဏ်ရာရရှိကာ တိရစ္ဆာန် ၅၈၉ ကောင်သေဆုံးပြီး ငွေကျပ် ၆၄၂၁ ဒသမ ၆၃၄၉ သန်းခန့်ဆုံးရှုံးခဲ့ပါသည်။

မီးလောင်မှုများတွင် "မီးဖိုမီး၊ လျှပ်စစ်မီး၊ ပေါ့ဆမီး"များသည် အများဆုံး တွေ့ရှိရသော အချက်များဖြစ်သည့်အတွက် မီးဖိုမီးကြောင့်ဖြစ်ပွားတတ်သော မီးလောင်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဖိုအနီးလူစောင့်ထားရှိခြင်း၊ လောင်စာဆီများ မထားကြရန်နှင့် အိုမင်းမစွမ်းသူများ၊ ကလေးငယ်များအားမီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းခြင်း၊ မီးဖိုနံဘေးနှင့် အမိုး/နံရံအကြား လုံလောက်သော အပူခံအကာအရံများ ထားရှိစေခြင်းဖြင့် မီးလောင်မှုမှ ကင်းဝေးစေမည် ဖြစ်ပါသည်။ မီးလောင်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးအတွက် မိမိတို့အိမ်တိုင်းတွင် ကနဦး လုပ်ဆောင်ရန်အနေဖြင့် နှစ်ကာလရှည်ကြာ၍ ဟောင်းနွမ်းဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများလဲလှယ်ထားခြင်း၊ လျှပ်စစ်ဒဏ်ခံကြိုး(**Fuse**)များကို ဝန်နှင့်အား မျှတအောင် သုံးစွဲခြင်း၊ လျှပ်စစ်မီးဖို၊ မီးပူများသုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားခြင်း၊ လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မ(မိန်း) ခလုတ်ပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စတို့ဖြင့် ရိုက်ပုတ်ငြိမ်းသတ်ခြင်း၊ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများ အသုံးမပြုကြရန်နှင့် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့်အချက်များအပေါ် လိုက်နာခြင်းအားဖြင့် မီးဘေးကာကွယ်ရေး အသိဖြင့် ကြိုတင်ဆောင်ရွက်စီမံထားရှိကြမည်ဆိုပါက "ပေါ့ဆမီး"ကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုများ လျော့နည်းစေမည်ဖြစ်ပါကြောင်း သတိပေးအပ်ပါသည်။

၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၌ သဘာဝဘေး အန္တရာယ်ကြောင့် တိုက်ပြိုကျမှု ၁ ကြိမ်၊ မြေပြိုကျမှု ၃ ကြိမ်၊ လေပြင်းတိုက်ခတ်မှု ၉ ကြိမ်၊ ရေကြီးမှု ၁ ကြိမ်၊ ယာဉ်တိုက်မှု ၁၀ ကြိမ်၊ ရေယာဉ်နစ်မြုပ်မှု ၁ ကြိမ်၊ ရေနစ်မြုပ်မှု ၂ ကြိမ်၊ မိမိကိုယ်ကိုသေကြောင်းကြံမှု ၁ ကြိမ်၊ မိုးကြိုးပစ်မှု ၁ ကြိမ်၊ သစ်ပင်ပြိုလဲမှု ၃၉ ကြိမ်၊ မတော်တဆထိခိုက်မှု ၂ ကြိမ်၊ တိရစ္ဆာန်ကယ်ဆယ်မှု ၈ ကြိမ်၊ ယာဉ်တိမ်းမှောက်မှု ၁၀ ကြိမ်၊ ကူညီရှင်းလင်းရွှေ့ပြောင်းမှု ၁ ကြိမ်၊ စုစုပေါင်း ၈၉ ကြိမ် ဖြစ်ပွားခဲ့ပြီး ဒုက္ခသည် ၁၆၁၆ ဦးရှိခဲ့ပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် မတော်တဆထိခိုက်မှုဖြစ်စဉ်များတွင် မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့ရှိ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်အင်အား ၈၂၇ ဦးနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်အင်အား ၁၀၀ ဦးတို့မှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်မှုကြောင့် သေဆုံးသူ ၉ ဦးနှင့် ဒဏ်ရာရရှိသူ ၃၈ ဦးတို့အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက် ပေးခဲ့ပါသည်။

**မီးသတ်ဦးစီးဌာန**

## စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၄)/ လက်ထောက်ညွှန်ကြားရေးမှူးလုပ်ငန်းအကြိုသင်တန်းအမှတ်စဉ် (၁/၂၀၂၄)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ





ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (**IDA**) သင်တန်းခန်းမ၌ ၂၈-၆-၂၀၂၄ ရက်နေ့၊ ၀၉၀၀ အချိန်တွင် စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၄)/လက်ထောက်ညွှန်ကြားရေးမှူး လုပ်ငန်းအကြိုသင်တန်းအမှတ်စဉ် (၁/၂၀၂၄)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်း၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးညီညီမင်း၊ မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်းမှ တာဝန်ရှိသူများ၊ သင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြမှူးချုပ်နှင့် နည်းပြအရာရှိများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းသား/သူများ စုစုပေါင်းအင်အား (၁၃၀)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းမိန့်ခွန်းပြောကြားခြင်း၊ ဆုရရှိသူ သင်တန်းသား/သူ (၄)ဦးတို့အား ဆုတံဆိပ်ပေးအပ်ချီးမြှင့်ခြင်းနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ၃-၇-၂၀၂၄ ရက်နေ့၊ ၁၀၃၀ အချိန်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်း၊ အရာရှိကြီးများနှင့်ဇနီးများ၊ မူ/လယ်/ထက်/တက္ကသိုလ်အဆင့် ကျောင်းသား/သူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်က ကျောင်းသား/သူ (၂၉၅)ဦးအား မူလတန်းအဆင့်ကျောင်းသား/သူ (၁၂၈)ဦးအတွက် တစ်ဦးလျှင် (၁၅,၀၀၀/-)နှုန်း၊ အလယ်တန်းအဆင့် ကျောင်းသား/သူ (၄၆)ဦးအတွက် တစ်ဦးလျှင် (၂၀,၀၀၀/-)နှုန်း၊ အထက်တန်းအဆင့် ကျောင်းသား/သူ (၃၂)ဦးအတွက် တစ်ဦးလျှင် (၂၅,၀၀၀/-) နှုန်း၊ တက္ကသိုလ်အဆင့် ကျောင်းသား/သူ (၈၉)ဦးအတွက် တစ်ဦးလျှင် (၁၀၀,၀၀၀/-)နှုန်းဖြင့် စုစုပေါင်းတန်ဖိုးငွေ ၁၂,၅၄၀,၀၀၀/- (ကျပ်တစ်ရာနှစ်ဆယ့်ငါးသိန်းလေးသောင်းတိတိ)အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။




## မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ



ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (**IDA**)၊ အောင်ဆန်းခန်းမ ဘယ်ဘက်ခြမ်း၌ ၁၅-၇-၂၀၂၄ ရက်နေ့၊ ၀၈၀၀ အချိန်တွင် သဘာဝပတ်ဝန်းကျင်အားထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်နှင့် နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ၂၀၂၄ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်ခဲ့ရာ သစ်ပင်စိုက်ပျိုးပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးညီညီမင်း၊ မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်းမှ တာဝန်ရှိသူများ၊ သင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြမှူးချုပ်နှင့် နည်းပြအရာရှိများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းသား/သူများတက်ရောက်ခဲ့ကြပါသည်။ အဆိုပါမိုးရာသီ အထိမ်းအမှတ်စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရအပင်များနှင့် နှစ်ရှည်အပင်များ စိုက်ပျိုးနေမှုအခြေအနေများအား ဝန်ကြီးချုပ်နှင့်အဖွဲ့မှ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

## တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသား/သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၇-၆-၂၀၂၄ ရက်နေ့၊ ၁၀၃၀ အချိန်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသား/သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်ဝန်ကြီးများ၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးခင်မောင်ချို၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား/သူ (၁၁)ဦးတို့အား ဂုဏ်ပြုဆုချီးမြှင့်ငွေနှင့် ဆုတံဆိပ်များပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ



ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း၊ အောင်ဆန်းခန်းမဘေး ဘယ်/ညာရှိ (၁.၅)ဧကခန့်ရှိသောမြေကွက်လပ်၌ ၁၆-၆-၂၀၂၄ ရက်နေ့၊ ၀၈၀၀ အချိန်တွင် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်နှင့် နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပပြုလုပ်ခဲ့ရာ သစ်ပင်စိုက်ပျိုးပွဲသို့ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးညီညီမင်းနှင့်ဇနီး၊ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် ဇနီးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ၊ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၄)/ လက်ထောက်ညွှန်ကြားရေးမှူးလုပ်ငန်းအကြိုသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းသား/သူများ စုစုပေါင်းအင်အား (၂၅၀)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မာလာလူးဂါး၊ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ စိန်ပန်း၊ ပျဉ်းမ၊ ငုဝါ၊ ပိတောက်နှင့် ထိုင်ဝမ်ဗန်ဒါ စုစုပေါင်း (၇၀၀)ပင်အား စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိပါသည်။

## ဝန်ထမ်းသား/သမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကျင်းပ



ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၉-၆-၂၀၂၄ ရက်နေ့၊ ၀၉၀၀ အချိန်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ဝန်ထမ်းသား/သမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချို၊ ပြည်နယ်/ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ကျောင်းသား/သူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြည်နယ်/ ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းသား/သမီး ကျောင်းသား/သူများအား ကျောင်းသုံးပစ္စည်း၊ ကျောင်းဝတ်စုံနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ရုံးစစ်ဆေးခြင်းဆောင်ရွက်

ပဲခူးတိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်သည် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူ ၃-၇-၂၀၂၄ ရက်နေ့၊ ၁၆၃၀ အချိန်တွင် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အုပ်ချုပ်ရေးဆိုင်ရာ စာရင်းစာအုပ်များ၊ စီးပွားရေးဆိုင်ရာ စာရင်းစာအုပ်များ၊ လူမှုရေးဆိုင်ရာ စာရင်းစာအုပ်များ၊ ရုံးတွင်းစီမံခန့်ခွဲမှု စာရင်းစာအုပ်များနှင့် လုံခြုံရေးဆိုင်ရာ စာရင်းစာအုပ်များကို ပြည့်စုံမှန်ကန်စွာ စာရင်းပြုစုထားခြင်း ရှိ/ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။



## တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသား/သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ၆-၇-၂၀၂၄ ရက်နေ့၊ ၁၁၀၀ အချိန်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသား/ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသား/သူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် ပြည်နယ် အုပ်ချုပ်ရေးမှူးက တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား/ သူများအား ဂုဏ်ပြုဆုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ



ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့၊ ဈေးကုန်းရပ်ကွက်၊ အ.ထ.က (၂)ကျောင်း၊ ရတနာခန်းမ၌ ၂၀-၆-၂၀၂၄ ရက်နေ့၊ ၀၉၀၀ အချိန်တွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင်(ခရိုင်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် စာရေးဆရာအသင်းမှတာဝန်ရှိသူများ၊ ဆရာ/မများ၊ ကျောင်းသား/ သူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်းအင်အား (၅၈၀)ဦးတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် လူထုအသိပညာပေး Bill Board စိုက်ထူခြင်း အခမ်းအနားကျင်းပ



ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ ဘုရင့်နောင်ဈေးရှေ့၌ ၂၉-၆-၂၀၂၄ ရက်နေ့၊ ၀၆၃၀ အချိန်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် လူထုအသိပညာပေး Bill Board စိုက်ထူခြင်း အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးကောင်းစံလင်း (ခရိုင်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးဆောင်၍ အခမ်းအနားအားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## အင်းစိန်ဗဟိုအကျဉ်းထောင်တွင် (၆၄၃)ကြိမ်မြောက် တရားပွဲ ကျင်းပပြုလုပ်



ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား/သူများ စိတ်ပိုင်းဆိုင်ရာ နူးညံ့သိမ်မွေ့လာစေရေးအတွက် ဘာသာရေးနည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ၃၀-၆-၂၀၂၄ ရက်နေ့ ၀၈၁၅ အချိန်ခန့်၌ (၆၄၃)ကြိမ်မြောက် အပတ်စဉ်တရားပွဲအားကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် သာသနဇောတိကဓမ္မာစရိယ ဘဒ္ဒန္တ စန္ဒ(ရေးဆရာတော်)မှ ကြွရောက်၍ လောကီလောကုတ္တရာနှစ်ဖြာ အကျိုးရရှိစေခြင်းနှင့် လောဘ၊ ဒေါသ၊ မောဟကင်းစင်စေခြင်းအလို့ငှာ **"ရတနာသုံးပါးမေ့မထားနဲ့"**တရားတော်အား ဟောကြားချီးမြှင့်ပေးခဲ့ပါသည်။ အခမ်းအနားသို့ အကျဉ်းထောင် အရာထမ်း/အမှုထမ်းများနှင့် အကျဉ်းသားများ စုစုပေါင်းအင်အား ၂၀၀ ဦးတို့ တက်ရောက်ခဲ့ပြီး ငါးပါးသီလခံယူခြင်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်အစရှိသည့် လှူဖွယ်ဝတ္ထုများ၊ နဝကမ္မအလှူတော်ငွေများ လှူဒါန်းခြင်းနှင့် ဆရာတော်ကြီးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြင်ပကျန်းမာရေးအဖွဲ့များမှ ကျန်းမာရေးစစ်ဆေးကုသစောင့်ရှောက်မှု



အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းအသီးသီးတွင် ပြင်ပကျန်းမာရေးဌာနများနှင့် ပူးပေါင်း၍ လစဉ်ကျန်းမာရေးစစ်ဆေးကုသပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မြင်းခြံဗဟိုအကျဉ်းထောင်သို့ မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ဒေါက်တာ နေဝင်းသိန်း ဦးဆောင်သောအဖွဲ့သည် ၂၇-၆-၂၀၂၄ ရက်နေ့တွင် လာရောက်၍ မျက်စိ၊ နား၊ နှာခေါင်း၊ သွား၊ အရေပြား၊ အရိုးအကြောရောဂါပြသသူ စုစုပေါင်း ၃၇၁ ဦးအား ကျန်းမာရေးစောင့်ရှောက်ကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ အလားတူ မန္တလေးဗဟိုအကျဉ်းထောင်သို့ မန္တလေးမြို့အထွေထွေရောဂါကုဆေးရုံကြီးမှ ဒေါက်တာကျော်ဇိုးမင်းနှင့်အဖွဲ့သည် ၁-၇-၂၀၂၄ ရက်နေ့တွင် လာရောက်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်ကုသပေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ ပဲခူးအချုပ်ထောင်သို့ ပဲခူးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်မြင့်သူ ဦးဆောင်သောအဖွဲ့ဝင်များသည် ၇-၆-၂၀၂၄ ရက်နေ့တွင် အချုပ်ထောင်သို့ ရောက်ရှိလာခဲ့ပြီး အကျဉ်းထောင်ဆရာဝန် ဒေါက်တာ ကောင်းဆက်မှ ကူညီဆောင်ရွက်ပေးခဲ့ကာ အကျဉ်းသား ၆၀ ဦး၊ အကျဉ်းသူ ၁၈ ဦး၊ ပေါင်း ၇၈ ဦးနှင့် အချုပ်သား ၁၄ ဦး၊ အချုပ်သူ ၁၀ ဦး၊ ပေါင်း ၂၄ ဦး၊ စုစုပေါင်း ၁၀၂ ဦး တို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဆေးထိုးရန်ကျန်ရှိသော အကျဉ်းသား/သူ၊ အချုပ်သား/သူများအားလည်း ဆက်လက်ထိုးနှံပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။



## အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြား

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများအား ပြစ်ဒဏ်မှလွတ်မြောက်သွားသောအခါ အသက်မွေးဝမ်းကျောင်းအတတ်ပညာတစ်ခုခု တတ်မြောက်သွားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မန္တလေးဗဟိုအကျဉ်းထောင်တွင် အင်ဂျင်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းအား ၁၀-၆-၂၀၂၄ ရက်နေ့မှ ၅-၇-၂၀၂၄ ရက်နေ့အထိ သင်တန်းသား အကျဉ်းသား ၂၀ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ အလားတူ ရှမ်းပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ လားရှိုးအကျဉ်းထောင်တွင် တစ်လုံးထိုးဒီဇယ်စက်ပြင်သင်တန်းအား ၁-၇-၂၀၂၄ ရက်နေ့မှ ၂၃-၈-၂၀၂၄ ရက်နေ့အထိ သင်တန်းသား အကျဉ်းသား ၂၀ ဦးအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။



## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများနှင့် မန္တလေး၊ ရန်ကုန်၊ တောင်ကြီးမြို့တို့တွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းနှင့် ဓာတုပစ္စည်းများဖျက်ဆီးခြင်း...မှ

မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်တားဆီး ကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့်ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာပြခန်းများအား လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

မန္တလေးမြို့တွင်ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားနှင့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်(တောင်)ရပ်ကွက်ရှိ လေယာဉ်ကွင်းအဟောင်း၌ ၀၈၅၀ အချိန်တွင်ပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ရဲအရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ရဲဆက်ဆံရေးအရာရှိကြီးနှင့်အဖွဲ့ဝင်များ၊ မန္တလေးမြို့ အခြေစိုက် ကောင်စစ်ဝန်ရုံးများမှ ကိုယ်စားလှယ်များနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း အင်အား ၈၀၅ ဦး တက်ရောက်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အဖွင့်အမှာစကားပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများ တွင် ဗဟိုအဆင့် ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိသူများအားဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာပြခန်း များအား လှည့်လည်ကြည့်ရှုခြင်းများဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး၊ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများနှင့် အလယ်ပိုင်းဒေသများမှ ဖမ်းဆီးရမိသည့် ဘိန်း ၇၆၆ ကီလိုကျော်၊ ဘိန်းဖြူ ၁၀၈၅ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၅ သန်းကျော်၊ အိုက်စ် ၉၀၀၀ ကီလိုကျော်၊ ကက်တမင်း ၁၀၁၈ ကီလိုကျော်၊ ဆေးခြောက် ၄၅၈ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါး ၂၁ မျိုးနှင့် ဓာတုပစ္စည်း ၂၀ မျိုးတို့၏ စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၄၁၈ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၁၂၅.၅၄ သန်း)အား ဖျက်ဆီးခဲ့ပါသည်။

ယခုနှစ်တွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းနှင့် ဓာတုပစ္စည်းများဖျက်ဆီးခြင်း အစီအစဉ်များကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့နှင့် တိုင်းဒေသကြီး/ပြည်နယ်(၆)ခုမှ မြို့နယ်(၂၄) မြို့နယ်တို့တွင် ကျင်းပပြုလုပ်ခဲ့ရာ စုစုပေါင်းအင်အား ၃၂၁၂ဦး တက်ရောက်ခဲ့ပြီး ဘိန်း ၁၃၆၆ ကီလိုကျော်၊ ဘိန်းဖြူ ၂၁၇၈ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၉သန်းကျော်၊ အိုက်စ် ၂၃၃၉၃ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁၇၇၅ကီလိုကျော်၊ ဆေးခြောက် ၁၂၅၇ ကီလိုကျော်၊ ကက်တမင်း ၄၁၆၅ ကီလိုကျော်နှင့် ဘိန်းညိုမှုန့် ၁၂ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၇၇ မျိုး၊ စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၁၁၆၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၃၄၉.၄၄၃ သန်း)တို့အား ဖျက်ဆီးခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း အများအပြား ဖမ်းဆီးရမိဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

## တပ်သားသစ်အခြေခံသင်တန်း(အမျိုးသား) အမှတ်စဉ်(၄၈)သင်တန်းဖွင့်ပွဲအခမ်းအနားပြုလုပ်

အကျဉ်းဦးစီးဌာန၊ ရုံး/အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ စွမ်းရည်(၄)ရပ်ပြည့်ဝစေရေးအတွက် သင်တန်းများဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အကျဉ်းဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)တွင် အကျဉ်းထောင်တပ်သားအဆင့်အခြေခံသင်တန်း(အမျိုးသား) အမှတ်စဉ်(၄၈)အား သင်တန်းသား ၁၅၀ ဦးဖြင့် ၁၅-၇-၂၀၂၄ ရက်နေ့မှ ၁-၁၁-၂၀၂၄ ရက်နေ့အထိ ရက်သတ္တ ၁၆ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ပါသည်။






အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားကို ၁၅-၇-၂၀၂၄ ရက်နေ့၊ ၀၈၀၀အချိန်တွင် ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး)၌ကျင်းပပြုလုပ်ခဲ့ရာ အကျဉ်းဦးစီးဌာန၊ မန္တလေး တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးချို့ဝင်းထွန်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာအရာရှိများ၊ နည်းပြများနှင့် သင်တန်းသားများ စုစုပေါင်းအင်အား ၁၇၅ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်တန်း (Grade-12) စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အကျဉ်းသား(ကျောင်းသား)အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်






ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်တန်း (Grade-12)တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား/သူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ၉-၇-၂၀၂၄ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနား၌ အင်းစိန်ဗဟိုအကျဉ်းထောင်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်း (Grade-12) စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး ဝိဇ္ဇာဘာသာတွဲ တတိယအမှတ်အများဆုံးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝိဇ္ဇာဘာသာတွဲတွင် ပထမဆုရရှိခဲ့သည့် အကျဉ်းသား(ကျောင်းသား)ကိုယ်စား အင်းစိန်ဗဟို အကျဉ်းထောင်မှ အကျဉ်းထောင်တပ်သားအောင်ရင်က ကိုယ်စားတက်ရောက်ရယူခဲ့ကြောင်း သတင်းရရှိပါသည်။

## အင်းစိန်ဗဟိုအကျဉ်းထောင်သို့ အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သောက်ရေ၊ သုံးရေများ သန့်ရှင်းမှု ရှိ/မရှိ ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်အချို့တွင်ဖြစ်ပွားနေသည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ(SEVERE GE) သို့မဟုတ် ကာလဝမ်းရောဂါ (CHOLERA)များ ဖြစ်ပွားလျက်ရှိသဖြင့် အဆိုပါ ဝမ်းပျက်ဝမ်းလျှောရောဂါများ အကျဉ်းထောင်အတွင်းသို့ ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ၈-၇-၂၀၂၄ ရက်နေ့တွင် အင်းစိန်မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ဒုတိယမြို့နယ် ကျန်းမာရေးမှူး ဒေါ်စန္ဒာခိုင်ပါ အဖွဲ့ဝင် ၇ ဦးတို့သည် အကျဉ်းသား/သူ၊ အချုပ်သား/သူများအသုံးပြုသည့် ရေသန့်စက်နှင့် သုံးရေကန်များအား သန့်ရှင်းမှု ရှိ/မရှိ စစ်ဆေးခဲ့ပြီး သုံးရေကန်တွင်အသုံးပြုရန် ကလိုရင်းဆေးနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ အသိပညာပေးလက်ကမ်းစာစောင်များနှင့် နံရံကပ်ပိုစတာများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများနှင့် မန္တလေး၊ ရန်ကုန်၊ တောင်ကြီးမြို့တို့တွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းနှင့် ဓာတုပစ္စည်းများဖျက်ဆီးခြင်း







၂၆-၆-၂၀၂၄ ရက်နေ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပခဲ့ပြီး တောင်ကြီးမြို့၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့နှင့် တိုင်းဒေသကြီး/ပြည်နယ်(၆)ခုမှ မြို့နယ်(၂၄)မြို့နယ်တို့၌ တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများ ဖျက်ဆီးခြင်းအစီအစဉ်များကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တစ်ပြိုင်တည်းကျင်းပခဲ့ပြီး အထိမ်းအမှတ်နေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြပါသည်။

(၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ၁၀၃၀ အချိန်တွင် တောင်ကြီးမြို့ အဝေရာ မီးပုံးပျံကွင်းနှင့် ထီဖောင်းကျေးရွာအုပ်စုတို့တွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းနှင့် ဓာတုပစ္စည်းများ မြေမြှုပ်ဖျက်ဆီးခြင်းတို့ကိုပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများ၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကို၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့မှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သူနာပြုသင်တန်းကျောင်းတို့မှ ကိုယ်စားလှယ်များ၊ ကျောင်းသား/သူများ၊ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များ၊ မြို့မိ/မြို့ဖများ စုစုပေါင်းအင်အား ၁၀၅၀ ဦး တက်ရောက်ကြပါသည်။

အဆိုပါ မီးရှို့ဖျက်ဆီးပွဲတွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ ဖမ်းဆီးရမိသည့် ဘိန်း ၆၀၀ ကီလိုကျော်၊ ဘိန်းဖြူ ၁၀၃၇ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၁ သန်းကျော်၊ အိုက်စ် ၄၇၇၁ ကီလိုကျော်၊ ကက်တမင်း ၇၆၄ ကီလိုကျော်၊ ဆေးခြောက် ၂၅၆ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၁၇ မျိုးနှင့် ဓာတုပစ္စည်း ၂၅ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၄၅၆ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၁၃၇.၀၁၃ သန်း)အား ဖျက်ဆီးခဲ့ပါသည်။

ထို့အပြင် ၀၈၀၀ အချိန်တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကိုပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာ ပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့်ဆုရရှိသူများနှင့် ပြည်နယ်အဆင့်ဆုရရှိသူများ စုစုပေါင်း ၅၀၀ ဦး တက်ရောက်ခဲ့ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ အဖွင့်အမှာစကားပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ပြည်နယ်မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့်ဆုရရှိသူများနှင့် ပြည်နယ်အဆင့်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြခန်းများအား လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ လှိုင်သာယာ အနောက်ပိုင်း ကုန်တင်ယာဉ်ရပ်နားကွင်း၌ ၀၈၀၀ အချိန်တွင်ပြုလုပ်သည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနား ပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သူနာပြုတက္ကသိုလ်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျောင်းသား/သူများ စုစုပေါင်းအင်အား ၅၀၀ ဦး တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် အမြန်လမ်းရဲတပ်ဖွဲ့တို့မှ ဖမ်းဆီးရမိသော ဘိန်း ၀.၂၆၂ ကီလိုကျော်၊ ဘိန်းဖြူ ၅၆ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၂ သန်းကျော်၊ အိုက်စ် ၉၅၇၄ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁၇၇၅ ကီလိုကျော်၊ ကက်တမင်း ၂၃၈၂ ကီလိုကျော်၊ ဆေးခြောက် ၅၄၁ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါး ၂၆ မျိုးနှင့် ဓာတုပစ္စည်း ၁၁ မျိုးတို့၏ စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၂၈၉ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၈၆.၈၉ သန်း) အား ဖျက်ဆီးခဲ့ပါသည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ၁၀၃၀ အချိန်တွင်ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့်ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိသူများ စုစုပေါင်းအင်အား ၃၅၇ ဦး တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်မှ အဖွင့်အမှာစကားပြောကြားခြင်း၊

**စာမျက်နှာ (၁၅)သို့**